# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂/ ၂၀၂၄)　　　　　　　　　　၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁၈) ရက်

**၁၈ – ၁ – ၂၀၂၄**

| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
|---|---|
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၈.၀ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၃.၃ |
| စတာလင်ပေါင် | ၂,၆၆၆.၄ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၂၀.၉ |
| တရုတ်ယွမ် | ၂၉၁.၈၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၅၅ |
| အိန္ဒိယရူပီး | ၂၅.၂၅၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၆.၇၈ |
| မလေးရှား ရင်းဂစ် | ၄၄၅.၂၅ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၆၂၄ |
| ထိုင်းဘတ် | ၅၉.၀၆၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၄၉၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင် ထောပတ်သီး စိုက်ပျိုးမှု တိုးတက်လာ

➢ လာမည့် ၅ နှစ်တာကာလအတွင်း လတ်ဆတ်သောငှက်ပျောသီး ကန်ဒေါ်လာ ၁ ဘီလီယံဖိုး တင်ပို့ရောင်းချသွားရန် အိန္ဒိယရည်ရွယ်ထား

➢ အိန္ဒိယနိုင်ငံတွင် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှ၍ ပြောင်းဈေးနှုန်းများ ဆက်လက်မြင့်တက် လျက်ရှိ

➢ ရုရှားကုမ္ပဏီများသည် အကောက်ခွန်မဲ့ကြက်သား ၂၂၆ တန်အား တင်သွင်းခွင့်ပြုရန် တောင်းဆိုထား

- **အထွေထွေသတင်းများ**

➢ ရုရှားနှင့် တရုတ် ကုန်သွယ်မှု ပမာဏ စံချိန်တင်မြင့်တက်

➢ ရုရှားတွင် ကားသစ်များ ရောင်းချမှု မြင့်တက်ခဲ့ပြီး တရုတ်မှ တင်ပို့မှုသည် ၄၀ ရာခိုင်နှုန်းထိ မြင့်တက်

➢ RCEP ၏ အရှိန်အဟုန်ဖြင့် တရုတ်-အာဆီယံ စက်မှုပူးပေါင်းဆောင်ရွက်မှုသည် ဆက်လက်ခိုင်မာလျက်ရှိ

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင် ထောပတ်သီးစိုက်ပျိုးမှု တိုးတက်လာ

တရုတ်လူမျိုးများသည် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်နေထိုင်မှုပုံစံကို ပိုမိုနှစ်သက်လာခြင်းကြောင့် ထောပတ်သီးသည် မြို့ပြနေသူများ အထူးသဖြင့် ကျန်းမာရေးကို အလေးထားသောသူများအတွက် ထင်ရှားကျော်ကြားသော အသီးအနှံအသစ်တစ်မျိုး ဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

ထောပတ်ပင်များသည် နေရောင်ခြည်အပြည့်နှင့် အပူချိန်အလယ်အလတ်တွင် ရှင်သန်ကြပြီး ပရိုတင်းနှင့် မပြည့်ဝဆီများ ကြွယ်ဝသောကြောင့် ၎င်းတို့အား "သစ်ပင်မှရသောထောပတ်" ဟု အမည်ပေးထားကြောင်း၊ သို့သော်လည်း ယခင်က တရုတ်နိုင်ငံတွင်ရောင်းချသော ထောပတ်သီးများကို အခြားနိုင်ငံများမှ တင်သွင်းခဲ့ရကြောင်း သိရှိရပါသည်။

သို့ရာတွင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် Pu'er မြို့၊ Menglian ၏ Dai-Lahu-Va ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၌ ယခုအခါတွင် ထောပတ်သီးစိုက်ပျိုးမှု ကျယ်ပြန့်လာနေပြီဖြစ်ကြောင်း၊ ယခုနှစ်၌ စီရင်စုအတွင်း လတ်ဆတ်သောထောပတ်သီး တန်ချိန် (၁၀,၀၀၀) ကျော်ခူးဆွတ်နိုင်မည်ဟု ခန့်မှန်းထားပြီး စုစုပေါင်း ဝင်ငွေ ယွမ်သန်း (၃၀၀)(အမေရိကန်ဒေါ်လာ ၄၂ သန်းခန့်) ကျော်လွန်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။ ထို့အပြင် တိုးတက်လာသော ထောပတ်သီးစိုက်ပျိုးမှုသည် ဒေသခံအိမ်ထောင်စုတစ်ခုစီကို နှစ်စဉ်ပျမ်းမျှဝင်ငွေ ယွမ် (၃၀၀၀) ကျော်တိုးလာစေကြောင်း သိရှိရပါသည်။

Menglian တွင် နေထိုင်သော လားဟူတိုင်းရင်းသားများ၏ ဘာသာစကားတွင် "ထောပတ်သီး" ဟူသော စကားလုံးမရှိသော်လည်း ထောပတ်သီးသည် ၎င်းတို့အတွက် ဝင်ငွေတိုးလာစေကြောင်း၊ Menglian သည် 'ကမ္ဘာ့ထောပတ်သီးမြို့တော်' ဟုလူသိများသော မက္ကဆီကိုနှင့် တူညီသောလတ္တီတွဒ်တွင် တည်ရှိသဖြင့် အဆိုပါစီရင်စုသည် တစ်နှစ်လျှင် နေရောင်ခြည် နာရီပေါင်း (၂,၁၀၀) ကျော်ရရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် (၁,၃၀၀)မီလီမီတာကျော်ရှိသည်ဟု စီရင်စုလက်ထောက်ဦးစီးမှူး Han Bo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြေပြီး ကောင်းမွန်သည့် ဂေဟစနစ်ကြောင့် Menglian သည် အရည်အသွေးမြင့် ထောပတ်သီးများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် တရုတ်နိုင်ငံရှိ ဒေသအနည်းစုအနက်မှ တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

Menglian သည် ၂၀၀၇ ခုနှစ်မှစတင်၍ ကမ္ဘာ့ဈေးကွက်သို့ အဓိက ထောပတ်သီးများကို မိတ်ဆက်ခဲ့ရုံသာမက မျိုးစေ့ထုတ်လုပ်ခြင်းနှင့် စမ်းသပ်စိုက်ပျိုးခြင်းများကို သုတေသနပြုလုပ်ရန်အတွက် ပြည်တွင်းပြည်ပပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ နည်းပညာ၊ ငွေ

Agribusiness & Trade

ကြေးပုံပိုးမှုနှင့် အထောက်အပံ့များကြောင့် ဒေသတွင်း ထောပတ်သီးလုပ်ငန်းစုသည် ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရှိရပါသည်။

လက်ရှိတွင် Menglian သည် တရုတ်နိုင်ငံ၏ အကြီးဆုံး ထောပတ်သီး စိုက်ပျိုးသည့်ဒေသများအနက်မှ တစ်ခုဖြစ်လာပြီး ထောပတ်သီး စိုက်ပျိုးသည့် ဧရိယာသည် (၆,၆၆၇)ဟက်တာခန့်ရှိကြောင်း၊ ဒေသခံများသည် ထောပတ်သီးများကို လတ်လတ်ဆတ်ဆတ် စားသုံးခြင်း၊ အရသာရှိသော ထောပတ်သီးဖျော်ရည်ပြုလုပ်၍ သောက်သုံးခြင်းသာမက ထူးခြားသော ထောပတ်သီးဟင်းပွဲဖန်တီးရန်အတွက် ၎င်းတို့၏ တိုင်းရင်းသားဟင်းလျာများတွင်လည်း ထောပတ်သီးကို ထည့်သွင်းအသုံးပြုလာကြကြောင်း သိရှိရပါသည်။

ထောပတ်သီး စိုက်ပျိုးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများသည် ယူနန်ပြည်နယ်ရှိ မြို့ကြီးများ၌နေထိုင်သော စားသုံးသူများအတွက်လည်း အကျိုးရှိစေကြောင်း၊ ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့ရှိ Kunming Huayi Hotel မှ စားဖိုမှူး Chen Haixing သည် လွန်ခဲ့သည့် (၁၂) နှစ်ခန့်က ထောပတ်သီးပါဝင်သောဟင်းလျာများကို စတင်စမ်းသပ်ခဲ့ကြောင်း၊ ထိုအချိန်က ဒေသတွင်း စားဖိုမှူးအများစုသည် ထောပတ်သီးကို ပူပူနွေးနွေးဟင်းလျာများအတွက်သာ အသုံးပြုကြပြီး နိုင်ငံခြားတွင် အေးသည့်ဟင်းလျာအတွက် အဓိကအသုံးပြုကြကြောင်း သိရှိရပါသည်။

အဆိုပါစားဖိုမှူးသည် ယခုအခါ ထောပတ်သီးများကို အေးသည့်ဟင်းလျာအဖြစ် ချက်ပြုတ်ရန်အတွက် ယူနန်ဒေသထွက် ခရမ်းချဉ်သီးများကို ပေါင်းထည့်လိုက်ကြောင်း၊ အဆိုပါပေါင်းစပ်မှုသည် ထောပတ်သီး၏ မူရင်းအရသာကို အကောင်းဆုံး ထုတ်ပေးနိုင်ပြီး စားသုံးသူများက လက်ခံစားသုံးသည်ကို Chen က သက်သေပြနိုင်ခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင် ထောပတ်သီးသည် ကျန်းမာရေးလိုက်စားသော တရုတ်လူမျိုးများ အထူးသဖြင့် အမျိုးသမီးထုအတွင်း ခေတ်စားလာသော သစ်သီးတစ်မျိုးဖြစ်၍ သစ်သီးဆိုင်များနှင့် e-commerce platform များပေါ်တွင် တွင်တွင်ကျယ်ကျယ်ရောင်းချလာသည်ကို တွေ့ရှိရပါသည်။ တရုတ်နိုင်ငံတွင် ထောပတ်သီးစားသုံးမှုသည် တဖြည်းဖြည်းကျယ်ပြန့်လာသည့်အတွက် ဈေးကွက်ဝယ်လိုအား ဆက်လက်တိုးတက်လာမည့် အလားအလာရှိသော သစ်သီးတစ်မျိုးဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

Source: https://english.news.cn/20240111/b9612dace9d9454684101e19096d6d27/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

……………………………………………………………………………………………..

## လာမည့် ၅ နှစ်တာကာလအတွင်း လတ်ဆတ်သောငှက်ပျောသီး ကန်ဒေါ်လာ ၁ ဘီလီယံဖိုး တင်ပို့ရောင်းချသွားရန် အိန္ဒိယရည်ရွယ်ထား

အိန္ဒိယနိုင်ငံသည် လတ်ဆတ်သောငှက်ပျောသီးများအား နယ်သာလန်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် အောင်မြင်စွာ စမ်းသပ်တင်ပို့နိုင်ခဲ့ပြီးနောက် လာမည့် ၅ နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံဖိုးအထိ တိုးမြှင့်တင်ပို့ရောင်းချသွားရန် ရည်ရွယ်ထားကြောင်း အိန္ဒိယ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံသည် သစ်သီးဝလံအများစုကို ပမာဏနည်းပါးပြီး၊ ရင့်မှည့်ချိန် အမျိုးမျိုးရှိသည့်အတွက် လေကြောင်းလမ်းကို အသုံးပြု၍ တင်ပို့လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ၎င်းတို့အား ပမာဏတိုးမြှင့်တင်ပို့နိုင်ရန်အတွက် ငှက်ပျောသီး၊ သရက်သီး၊ သလဲသီးနှင့် ပိန္နဲသီးစသည့် လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ရေးဆိုင်ရာ ပရိုတိုကော (စည်းမျဉ်းဥပဒေများ) ကို ရေးသားပြုစုလျက်ရှိသည်။

အဆိုပါ စည်းမျဉ်းဥပဒေများတွင် ၎င်းကုန်စည်များကို သင်္ဘောဖြင့်တင်ပို့လျှင် ကြာမြင့်မည့်အချိန်၊ ရင့်မှည့်ချိန်၊ သတ်မှတ်ချိန်၌ ရိတ်သိမ်းခူးဆွတ်ရန် လိုအပ်သည့် အချက်များအား သိပ္ပံနည်းကျနားလည်ရန်နှင့် တောင်သူများကို လေ့ကျင့်သင်ကြားပေးရန် စသည်တို့ပါဝင်သည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနခွဲတစ်ခုဖြစ်သော စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ ပို့ကုန်ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (The Agricultural and Processed Food Products Export Development Authority- APEDA) သည် အခြားသော ပါဝင်ပတ်သက်သူ (stakeholders) များနှင့်အတူ ငှက်ပျောသီးဆိုင်ရာ စည်းမျဉ်းဥပဒေများကို ရေးသားပြုစုထားပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၊ မဟာရာ့ရှထရာ ပြည်နယ် ဘရာမာတီမြို့မှ စမ်းသပ်တင်ပို့ခဲ့သော အဆိုပါ ငှက်ပျောသီးများသည် နယ်သာလန်နိုင်ငံ၊ ရိုတာဒန်မြို့သို့ ယမန်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ကရောက်ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ငှက်ပျောသီးများကို အရှေ့အလယ်ပိုင်းဒေသသို့ကျော်လွန်၍ ဈေးကွက်ချဲ့ထွင်တင်ပို့သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဂျပန်၊ ဂျာမနီ၊ တရုတ်၊ နယ်သာလန်၊ ယူကေနှင့် ပြင်သစ်နိုင်ငံတို့တွင် ဈေးကွက်အလားအလာနှင့် အခွင့်အလမ်းများစွာရှိကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ငှက်ပျောသီးထုတ်လုပ်သောနိုင်ငံတစ်ခုဖြစ်လင့်ကစား လက်ရှိတွင် ၎င်း၏ ပို့ကုန်ဝေစုသည် ကမ္ဘာ့ငှက်ပျောသီးဈေးကွက်၏ ၁ ရာခိုင်နှုန်းခန့်သာရှိကြောင်း

သိရသည်။ ကမ္ဘာတစ်ဝှမ်းလုံး၏ ငှက်ပျောသီးထုတ်လုပ်မှုပမာဏသည် မက်ထရစ် တန်ချိန် ၃၅ ဒသမ ၃၆ သန်းရှိကာ အိန္ဒိယနိုင်ငံ၏ ထုတ်လုပ်မှုသည် တန်ချိန် ၂၆ ဒသမ ၄၅ သန်းရှိကြောင်း သိရသည်။

၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၇၆ သန်းဖိုးနှင့်ညီမျှသော ငှက်ပျောသီးတန်ချိန် ၀.၃၆ သန်းကို တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။ ငှက်ပျောသီးအဓိက ထုတ်လုပ်သော ပြည်နယ်များတွင် Andhra Pradesh၊ Maharashtra၊ Karnataka၊ Tamil Nadu၊ နှင့် Uttar Pradesh ပြည်နယ်တို့ ပါဝင်သည်။ တွဲဖက်ပါမောက္ခနှင့် စိုက်ပျိုးရေးဘောဂဗေဒကျွမ်းကျင်သူ Chirala Shankar Rao က ငှက် ပျောသီးတင်ပို့ဖို့ အလားအလာအကောင်းဆုံးပြည်နယ်သည် Andhra Pradesh ပြည်နယ်ပင် ဖြစ် ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အိန္ဒိယ စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ ပို့ကုန်ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (APEDA) သည် စီးပွားရေးလုပ်ငန်းအချင်းချင်း (B2B) ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းနှင့် အခြားသော သစ်သီးဝလံအမျိုးမျိုးအတွက် စည်းမျဉ်းဥပဒေများ ပြုစုထုတ်ပြန်ခြင်းအပါဝင် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်များကို အရှိန်အဟုန်ဖြင့် တင်ပို့နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ အိန္ဒိယတာဝန်ရှိသူက ဖြည့်စွက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ငှက်ပျောသီးအပါအဝင် သစ်သီးဝလံအချို့ကို လေကြောင်းမှတင်ပို့နေသည့်အစား စရိတ်စကသက်သာသည့် ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြောင်းလဲတင်ပို့နိုင်ရန် စည်းမျဉ်းဥပဒေများ စနစ်တကျ ရေးဆွဲချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆန်၊ ဂျုံ၊ ပြောင်း၊ သကြားကဲ့သို့ အခြေခံစားသောက်ကုန်များ တင်ပို့မှုအပေါ်များစွာမှီခိုမှုပြုလျက်ရှိခြင်းက ရေရှည်တွင် အကျပ်အတည်းကျရောက်နိုင်သည့် အခြေအနေကို သိမြင်ပြီး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့ အခြားသောပို့ကုန်အမယ်မျိုးစုံကို ခွဲခြားတင်ပို့ရေး (Export Diversities) အခြေခံမှုကို ပြောင်းလဲကျင့်သုံးလာလျက်ရှိပါသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့်လည်း ၎င်းကဲ့သို့ ပို့ကုန်အမယ်မျိုးစုံ ခွဲခြားတင်ပို့ရေး (Export Diversities) ကို ထိရောက်စွာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ရည်ညွှန်းချက်။ The Hindu သတင်းဌာန၊ "India aims at $1 billion fresh banana exports in next 5 years"၊

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တားမြို့

Agribusiness & Trade

## အိန္ဒိယနိုင်ငံတွင် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှ၍ ပြောင်းဈေးနှုန်းများဆက်လက်မြင့်တက် လျက်ရှိ

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစတင်၍ ပြောင်းဈေးနှုန်းများ ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ပြောင်းကို အီသနောထုတ်လုပ်မှုအပြင် တိရိစ္ဆာန်အစာနှင့် ကော်မှုန့်ထုတ်လုပ်မှုလုပ်ငန်းကဲ့သို့ စားသုံးမှုကဏ္ဍများမှ ဝယ်ယူမှုပိုမိုများပြားလာခြင်းနှင့် ရောင်းလိုအားကျဆင်းလာသည့်အတွက် ယင်းသို့ ဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယတောင်ပိုင်းရှိ အဓိကပြောင်းဈေးကွက်တစ်ခုဖြစ်သော Davangere ရှိ ပြောင်းသီးနှံ၏ ပျှမ်းမျှအရောင်းအဝယ်ဈေးနှုန်းသည် ယမန်နှစ်၊ အောက်တိုဘာလ အစောပိုင်းက ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် အစိုးရသတ်မှတ်ဈေးအောက် ရူပီး ၁၈၅၀ ရှိခဲ့ရာမှ ယခုလ ၁၀ ရက်နေ့တွင် ရူပီး ၂၃၀၉ သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။ နိုင်ငံတစ်ဝှမ်းရှိ အခြားဈေးကွက်များတွင်လည်း ပြောင်းဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောကြားခဲ့သည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်၏ သီးနှံရာသီအတွက် ပြောင်းသီးနှံ၏ အစိုးရသတ်မှတ် ဈေးသည် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၂၀၉၀ ဖြစ်ကြောင်းသိရသည်။

"ယခုလို ပြောင်းဈေးနှုန်းတွေမြင့်တက်လာတဲ့အတွက် တိရိစ္ဆာန်အစာဈေးကွက်အပေါ် သက်ရောက်မှုရှိပါတယ်။ ခါရစ် (မိုးရာသီ) ရိတ်သိမ်းချိန်ကလွန်ခဲ့ပါပြီ၊ ပြီးတော့ မိုးကောင်းကောင်းမရွာတဲ့အတွက် နောက်ထပ်ပြောင်းသစ်ပေါ်တဲ့အခါမှာလည်း ပုံမှန်ထက် ၂၅ ရာခိုင်နှုန်း ကနေ ၂၇ ရာခိုင်နှုန်းအထိ အထွက်နှုန်းလျော့ကျဖွယ်ရှိတဲ့အတွက် ဈေးနှုန်းမြင့်တက်ဖွယ်ရှိနေပါတယ်။"ဟု ကာနာတာကာပြည်နယ် ကြက်မွေးမြူရေးအသင်း (Karnataka Poultry Farmers and Breeders Association -KPFBA) ၏ ဥက္ကဋ္ဌ Naveen Pasuparthy က ပြောကြားခဲ့သည်။ ယခုအခါ ပြောင်းသီးနှံ၏ စက်ရုံအရောက်ဈေးနှုန်းသည် ၁ တန်လျှင် ရူပီး ၂၄၀၀၀ မှ ၂၅၀၀၀ အတွင်းရှိပြီး၊ လွန်ခဲ့သော လအနည်းငယ်အကြာက ဈေးနှုန်းဖြစ်သော ရူပီး ၂၁၀၀၀ မှ ၂၂၀၀၀ နှင့် နှုန်းယှဉ်ကြည့်ရှုလျှင် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ တိရိစ္ဆာန်အစာစပ် ထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်း (Compound Livestock Feed Manufacturers Association– CLFMA) ၏ ဒုတိယဥက္ကဋ္ဌ Pasuparthy က အစိုးရအနေဖြင့် ပြောင်းကို အီသနောထုတ်လုပ်မှုအတွက် အသုံးပြုခွင့်ပြုထားသည့်အတွက် ဈေးနှုန်းများ ထပ်မံ မြင့်တက်ဖွယ်ရှိသည်ဟု ယူဆပြီး သိုလှောင်ထားကြကြောင်း ပြောကြားခဲ့သည်။ "ကျွန်တော်တို့ CLFMA အသင်းကတော့ ကာလတိုအတွင်း ပြောင်းဝယ်လိုအားကို ထိန်းနိုင်ဖို့အတွက် ပြည်ပကနေတင်သွင်းခွင့်ပြုဖို့ အစိုးရကို တိုက်တွန်းထားပါတယ်။" ဟု ၎င်းကပြောကြားခဲ့သည်။

“ရာသီဥတုကခြောက်သွေ့တဲ့အတွက် ပြောင်းသီးနှံအထွက်နှုန်းနှင့် ထုတ်လုပ်မှုကို ထိခိုက်စေခဲ့သလို တစ်ဖက်က အီသနောထုတ်လုပ်မှုဖက်ကလည်း လိုအပ်ချက် တိုးမြင့်လာလျက်ရှိပါတယ်။ ပြီးတော့ bajra၊ ragi နှင့် ဆန်ကဲ့သို့ အခြားသီးနှံများရဲ့ ဈေးနှုန်းများတက်လာနေတဲ့ အတွက်ပြောင်းဈေးကို ပိုမိုမြင့်တက်စေပါတယ်။”ဟု ကာနာတာကာပြည်နယ် ကြက်မွေးမြူရေး အသင်းအထွေထွေအတွင်းရေးမှူး MSR Prasad က ပြောကြားခဲ့သည်။ “ဈေးနှုန်းများဆက်လက် မြင့်တက်နေဖွယ်ရှိတယ်လို့ ကျွန်တော်တို့ခန့်မှန်းထားပါတယ်။”ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းက အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော သီးနှံအထွက်နှုန်းကြိုတင်ခန့်မှန်းချက်အရ ခါရစ် (မိုးရာသီ) ပြောင်းထုတ်လုပ်မှုသည် တန်ချိန် ၂၂ ဒသမ ၄၈ သန်းရှိမည်ဟု သိရပြီး၊ လွန်ခဲ့သောနှစ်က ၂၃ ဒသမ ၆၇ သန်းရှိခဲ့သည့် အတွက်အထွက်နှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

ပြောင်းကို အီသနောထုတ်လုပ်မှုအတွက် အသုံးပြုနေသည့်အတွက် ပြောင်းဈေးနှုန်း မာနေဦးမည်ဖြစ်ကြောင်း ဘီဟာပြည်နယ် Begusarai အရပ်ရှိ ပွဲစားတစ်ဦးဖြစ်သော Santosh Kumar Sharma က ပြောကြားခဲ့သည်။ တိရစ္ဆာန်အစာစပ် လုပ်ငန်းများက ပြောင်း ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၂၄၀၀ မှ ၂၄၂၅ ဈေးနှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်းနှင့် ဘီဟာပြည်နယ်တွင်နောက်ထပ် ၄ လ ၅ လကြာမှသာ ပြောင်းသစ်ပေါ်မှာဖြစ်သည့်အတွက် ဈေးနှုန်းများ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

နောက်ဆုံးရရှိသော ရာဘီ (ဆောင်းရာသီ) စိုက်ပျိုးဧရိယာ အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့အထိ စုစုပေါင်းပြောင်းစိုက်ဧက ဟက်တာ ၁၈ ဒသမ ၇၆ သိန်းရှိပြီး၊ ယခင်နှစ်ကာလတူကထက် ပိုမိုများကြောင်း သိရသည်။ ပုံမှန်ရာဘီစိုက်ပျိုးဧရိယာမှာ ဟက်တာ ၂၀ ဒသမ ၄၅ သိန်းရှိသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကြက်မွေးမြူရေးအသင်း (All-India Poultry Breeders Association) ကလည်း အနာဂတ်တွင် တိုးမြင့်လာမည့် ပြောင်းသီးနှံ ဝယ်လိုအားကို ဖြည့်မီစေရန် ပြည်ပမှအကောက်ခွန်လွတ်တင်သွင်းခွင့်ပြုဖို့ အစိုးရကို တိုက်တွန်းပြောကြားထားပြီးဖြစ်သည်။ လက်ရှိတွင်ပြောင်းသီးနှံအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံကြောင်း သိရသည်။ ရာဘီ(ဆောင်းရာသီ) သီးနှံများကို ဆက်လက်စိုက်ပျိုးနေကြပြီး၊ အဓိကပြောင်းစိုက် ပြည်နယ်တစ်ခုဖြစ်သော ဘီဟာပြည်နယ်တွင် ပြောင်းဈေးနှုန်းများမြင့်တက်လာနေသည့်အတွက် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလာဖွယ်ရှိကြောင်း သိရသည်။ ပြောင်းဈေးနှုန်း ယခုအတိုင်းဆက်လက်မြင့်တက် နေဦးမည်ဆိုပါကအစိုးရအနေဖြင့် ဖိအားများပြီး ပြောင်းတင်သွင်းခွင့် ဖွင့်ပေးလာဖို့ရှိပါတယ်ဟု IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

Agribusiness & Trade

ခါရစ် (မိုးရာသီ) ပြောင်းထုတ်လုပ်မှုကိုကြည့်လျှင် အဓိကပြောင်းထုတ်လုပ်သော ပြည်နယ်များ၌ အဆိုပါ သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြသည့်အတွက် သိသိသာသာ တိုးမြင့်လာခဲ့ကြောင်း သိရသည်။ အဆိုပါပြည်နယ်များတွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က ပြောင်းထုတ်လုပ်မှု တန်ချိန် ၁၆ သန်းသာရှိခဲ့ရာမှ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၂၃ ဒသမ ၆၇ သန်းအထိ စံချိန်တင် တိုးမြင့်လာခဲ့သည်။ တစ်နိုင်ငံလုံးအနေဖြင့် ပြောင်းကို ၂၀၁၆-၁၇ ဘဏ္ဍာနှစ်က တန်ချိန် ၂၂ ဒသမ ၅ သန်းသာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၃၈ သန်းအထိ စံချိန်တင် တိုးမြှင့်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ပြောင်းသီးနှံ၏ ထုတ်လုပ်မှု ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတသည့် အခြေအနေကို တွေ့ရှိရပါသည်။ ပြောင်းကို စားသောက်ကုန်နှင့် တိရစ္ဆာန်အစာ ကဏ္ဍတွင် သာမက အီသနော‌ချက်လုပ်သည့်လုပ်ငန်းတွင်လည်း အသုံးပြုနေသည့်အတွက် ဝယ်လိုအားမြင့်တက်လာလျက်ရှိပါသည်။ ထို့ကြောင့် ကုန်သည်အသိုင်းအဝိုင်းနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက ပြောင်းကို ပြည်ပမှ အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုဖို့ အစိုးရကို တောင်းဆိုနေသည့် အနေအထား ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံမှ ပြောင်းစိုက်ပျိုး၊ ထုတ်လုပ် တင်ပို့ရောင်းချသူများ အနေဖြင့် အိန္ဒိယနိုင်ငံ၏ ပြောင်းဈေးကွက် လိုအပ်ချက်အခြေအနေကို သိရှိပြီး၊ အိန္ဒိယအစိုးရ၏ မူဝါဒ အပြောင်းအလဲအပေါ်အသာစီးရယူ၍ တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်။** The Hindu Businessline သတင်းဌာန၊ "Maize prices up by over a fifth on shortfall in supply, rise in demand"၊

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

................................................................................................

## ရုရှားကုမ္ပဏီများသည် အကောက်ခွန်မဲ့ကြက်သား ၂၂၆ တန်အား တင်သွင်းခွင့်ပြုရန် တောင်းဆိုထား

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အထိ အခွန်လွတ်ခွဲတမ်းစနစ်အတွင်း ၂၂၆ တန်အား ရုရှားနိုင်ငံသို့ တင်သွင်းခွင့်ပြုရန် ကုမ္ပဏီများထံမှ လျှောက်လွှာများ ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနမှ လက်ခံရရှိထားကြောင်း သတင်းထုတ်ပြန်ထားပါသည်။

ရုရှားအစိုးရသည် ပြီးခဲ့သည့် ဒီဇင်ဘာလကုန်တွင် ၂၀၂၄ ခုနှစ်အတွက် ရုရှားနိုင်ငံအတွင်းသို့ ကြက်သားတန်ချိန် ၁၆၀,၀၀၀ အထိ အကောက်ခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် တင်သွင်းခွင့်ပြုခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်ကို ထောက်ပံ့မှုတိုးမြှင့်ခြင်းဖြင့် ကြက်သားထုတ်ကုန်များအတွက် တည်ငြိမ်သောဈေးနှုန်းများကို ထိန်းသိမ်းရန် ရည်ရွယ်ကြောင်း သိရှိရသည်။ ရုရှားနိုင်ငံတွင် ကြက်ထုတ်ကုန်များ ဈေးနှုန်းမြင့်တက်လာမှုကြောင့် ကြက်သားအမျိုး အစားအချို့နှင့် ကြက်ဥတင်ပို့မှုကို အစိုးရမှ ၆ လကြာ ယာယီပိတ်ပင်ထားပါသည်။

ကြက်ထွက်ကုန် ဈေးနှုန်းမြင့်တက်ရခြင်းမှာ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းမြင့်မားလာခြင်းကြောင့် ထုတ်ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်လာခြင်းနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်ထက် ပြည်ပသို့ တင်ပို့ခြင်းက ပိုမိုများပြားနေခြင်းကြောင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်စေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သုံးသပ်ထားပါသည်။

Source : https://ria.ru/20240112/myaso-1920902620.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## ရုရှားနှင့် တရုတ် ကုန်သွယ်မှု ပမာဏ စံချိန်တင်မြင့်တက်

၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ်တို့၏ အပြန်အလှန်ကုန်သွယ်မှုပမာဏသည် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄၀.၁၁ ဘီလီယံအထိ ရောက်ရှိခဲ့ကာ ၂၆.၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်မှ ရုရှားသို့ ကုန်စည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၁၁၀.၉၇ ဘီလီယံအထိ ရှိခဲ့ပြီး ၄၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ရုရှားမှ တရုတ်သို့ ကုန်ပစ္စည်းတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၉.၁၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၁၂.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၂၁.၉ ဘီလီယံရှိခဲ့ပြီး နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၁.၈ ရာခိုင်နှုန်း ပိုမို များပြားခဲ့သည်။ ရုရှားမှ တရုတ်သို့ သွင်းကုန်ပမာဏသည် လစဉ်ပုံမှန်မပြောင်းလဲဘဲ အမေရိကန်ဒေါ်လာ ၁၁.၁၉ ဘီလီယံရှိကာ တရုတ်ပို့ကုန်သည် ၄ ရာခိုင်နှုန်းခန့် တိုးလာခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀.၇၁ ဘီလီယံအထိ ရှိခဲ့သည်။

ရုရှားမှ တရုတ်နိုင်ငံသို့ အဓိက တင်ပို့သောကုန်ပစ္စည်းများမှာ စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ ဖြစ်သည်။ ထို့အပြင် ကြေးနီနှင့် ကြေးနီသတ္တုရိုင်း၊ သစ်ထုတ်ကုန်၊ လောင်စာဆီနှင့် ရေထွက်ကုန်များလည်း တင်သွင်းခဲ့သည်။ တရုတ်မှ ရုရှားနိုင်ငံသို့ ကုန်ပစ္စည်းမျိုးစုံ တင်ပို့လျက်ရှိပြီး မော်တော်ကား၊ စမတ်ဖုန်း၊ စက်ပစ္စည်းကိရိယာများ၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ လေအေးပေးစက်၊ ကွန်ပျူတာ၊ ဖိနပ်နှင့် အရုပ်များ စသည်တို့ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ရုရှား-တရုတ် ကုန်သွယ်မှုပမာဏသည် ၃၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄၆.၈၈ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ ၂၉.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၉၀ ဘီလီယံအထိ ရောက်ရှိခဲ့သည်။

Source : https://www.rbc.ru/rbcfreenews/65a0d3e09a79477823d74f7d

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## ရုရှားတွင် ကားသစ်များ ရောင်းချမှု မြင့်တက်ခဲ့ပြီး တရုတ်မှ တင်ပို့မှုသည် ၄၀ ရာခိုင်နှုန်းထိ မြင့်တက်

၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကားအသစ်များရောင်းချမှုသည် ၆၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ကားအစီးရေ ၁.၃ သန်းကျော် ရှိကြောင်း၊ အထူးသဖြင့် လူစီးမော်တော်ယာဉ်အပိုင်းတွင် - ၆၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး အစီးရေ ၁ သန်းကျော်အထိ ရှိကြောင်း ရုရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရလဒ်များအပေါ် အခြေခံ၍ ရုရှားနိုင်ငံတွင် ကားသစ်အစီးရေ ၁,၃၁၉,၃၅၁ စီး ရောင်းချခဲ့ရပြီး ယခင်နှစ် အလားတူကာလထက် ၆၀ ရာခိုင်နှုန်း ပိုများကြောင်း၊ ၎င်းအရေအတွက်၏ ထက်ဝက်ခန့်သည် ပြည်တွင်းထုတ် ကားများဖြစ်ပြီး ကျန်ထက်ဝက်ခန့်သည် ပြည်ပမှ တင်သွင်းခြင်းဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။ ဈေးကွက်တွင် အရောင်းရဆုံးမော်တော်ယာဉ်အမျိုးအစားများမှာ Lada Granta၊ Gazelle Next၊ Chinese Sitrak C7H နှင့် PAZ Vector Next တို့ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ ရုရှားနိုင်ငံသို့ မော်တော်ကားများ တင်ပို့မှုသည် ၄၀ ရာခိုင်နှုန်းအထိ စံချိန်တင်တိုးတက်ခဲ့ပြီး ကမ္ဘာ့ထိပ်တန်းကားတင်ပို့သည့် ဂျပန်နိုင်ငံထက် ကျော်တက်သွားခဲ့ကြောင်း၊ တရုတ်နိုင်ငံထုတ် Chery ကားအမျိုးအစားသည် ရုရှားဈေးကွက်တွင် ရောင်းအား

အကောင်းဆုံးဖြစ်ပြီး US Tesla နှင့် တရုတ် BYD လျှပ်စစ်ကားများ တင်ပို့မှုထက် သာလွန်ကြောင်း သိရှိရပါသည်။

ရုရှားဈေးကွက်ပမာဏအရ လူစီးမော်တော်ယာဉ်အစီးရေ ၁,၀၅၆,၃၉၇ စီး(ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တိုးတက်မှု ၆၂ ရာခိုင်နှုန်း)၊ အပေါ့စားခရီးသည် မော်တော်ယာဉ် (Minibus) အစီးရေ ၁၀၄,၉၅၈ စီး(၃၅ ရာခိုင်နှုန်း)၊ ကုန်တင်ယာဉ်အစီးရေ ၁၄၀,၂၀၄ စီး(၇၄ ရာခိုင်နှုန်း)နှင့် ခရီးသည်တင်ယာဉ်(Bus)အစီးရေ ၁၇,၇၉၂ စီး(၁၉ ရာခိုင်နှုန်း) အသီးသီးတိုးတက်ရောင်းချခဲ့ရကြောင်း သိရှိရသည်။

Source : https://www.gazeta.ru/business/news/2024/01/05/22060009.shtml

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## RCEP ၏ အရှိန်အဟုန်ဖြင့် တရုတ်-အာဆီယံ စက်မှုပူးပေါင်းဆောင်ရွက်မှုသည် ဆက်လက်ခိုင်မာလျက်ရှိ

၂၀၂၄ ခုနှစ် နှစ်သစ်ကူး အားလပ်ရက်အတွင်း တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နယ်စပ်မြို့ဖြစ်သည့် ဖိန်းရှန်မြို့ရှိ ချစ်ကြည်ရေးဂိတ်ဟုလည်း လူသိများသော ယိုယိဂိတ် (Youyi Pass)၌ တရုတ်နှင့် ဗီယက်နမ်တို့မှ ကုန်တင်ကားများသည် အကောက်ခွန်ရှင်းလင်းရန်အတွက် တန်းစီ၍ စောင့်ဆိုင်းနေကြကြောင်း ရှင်းဟွာသတင်း၌ ဖော်ပြထားပါသည်။

အရှေ့တောင်အာရှနိုင်ငံများမှ ဒူးရင်းသီးနှင့် မင်းဂွတ်သီးကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များကို အဆိုပါနယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး အပြန်အလှန်အားဖြင့် အီလက်ထရွန်နစ်အစိတ်အပိုင်းများ၊ စက်ယန္တရားများ တင်ဆောင်လာသည့် ကုန်တင်ကားများသည် အာဆီယံနိုင်ငံများသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership –RCEP) သဘောတူညီချက်ကြောင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စက်မှုပူးပေါင်းဆောင်ရွက်မှုသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဆက်လက်ခိုင်မာလာခဲ့ပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

Agribusiness Trade

ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ဖြစ်သည့် RCEP တွင် ပါဝင်သောအဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းလူဦးရေ၊ ပြည်တွင်းအသားတင်ထုတ်ကုန်နှင့် ကုန်သွယ်မှုအားလုံးသည် ကမ္ဘာ့စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းခန့် အသီးသီးရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ အာဆီယံသည် ၂၀၂၃ ခုနှစ်၊ ပထမ (၁၁)လအတွင်း တရုတ်၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေခဲ့ပြီး တရုတ်နှင့်အာဆီယံအကြား စုစုပေါင်း ကုန်သွယ်မှုသည် ယွမ်ငွေ (၅.၈) ထရီလီယံ (အမေရိကန် ဒေါ်လာ ၈၁၆.၉ ဘီလီယံခန့်)ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၀.၁)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် လတ်ဆတ်သော ဗီယက်နမ်ဒူးရင်းသီးများကို တရုတ်စျေးကွက်သို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပြီးနောက် တရုတ်နှင့်အာဆီယံအကြားရှိ သစ်သီးတင်သွင်း/တင်ပို့သည့် အကြီးဆုံးဂိတ်ဖြစ်သော ယိုယိဂိတ်မှတစ်ဆင့် အပူပိုင်းဒေသထွက်သစ်သီးများ အများအပြားဝင်ရောက်လာကြောင်း သိရှိရသည်။

ကွမ်ရှီးဒေသအခြေစိုက် ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှုကုမ္ပဏီ၏ ဥက္ကဋ္ဌ Wang Zhengbo ၏ ပြောကြားချက်အရ တရုတ်နှင့် အာဆီယံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများသည် မကြာသေးမီနှစ်များအတွင်း ဆက်လက်မြင့်တက်လာခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးတွင် ကုန်ပစ္စည်းဝယ်လိုအား၊ အရေအတွက်နှင့် ပစ္စည်းအမျိုးအစားများ မြင့်တက်လာသည့်အပြင် ကုန်စည်ပို့ဆောင်မှုပမာဏသည်လည်း စဉ်ဆက်မပြတ် တိုးတက်လာကြောင်း သိရှိရပါသည်။

၎င်းတို့ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံရှိ ဒူးရင်းသီးခြံများ၊ ထုပ်ပိုးစက်ရုံများနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်ခဲ့ပြီး တရုတ်နိုင်ငံ၏လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဒူးရင်းသီးခြံ ဟက်တာ (၃,၀၀၀)ခန့်ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

RCEP သဘောတူညီချက် အသက်ဝင်ပြီးနောက် မြန်မာနိုင်ငံမှ ငှက်ပျောသီး၊ ကမ္ဘောဒီးယားမှ နဂါးမျက်စေ့သီးနှင့် ဗီယက်နမ်နိုင်ငံမှ ဒူးရင်းသီးများ အပါအဝင် အာဆီယံနိုင်ငံများမှ သစ်သီး(၈) မျိုးကို တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမသုံးလပတ် (၃)ပတ်တွင်၊ ယိုယိဂိတ်မှ လယ်ယာထွက်ကုန်တင်သွင်းမှု ဆက်တိုက်မြင့်တက်လာခဲ့ပြီး ယွမ် (၁၉.၆၆)ဘီလီယံအထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၄၁၃.၈) ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

ကွမ်ရှီးဒေသသည် ၎င်း၏အားသာချက်များဖြစ်သည့် တည်နေရာ၊ သယ်ယူပို့ဆောင်ရေးနှင့် သယံဇာတအရင်းအမြစ်များကို အသုံးချ၍ မြို့တော်နန်နင်းနှင့် ချုံးကျိုမြို့အပါအဝင် မြို့(၇)မြို့ရှိ ရှိရင်းစွဲဖွံ့ဖြိုးတိုးတက်ရေးဇုန်များ၊ လွတ်လပ်သောကုန်သွယ်ရေးဇုန်များနှင့် စက်မှုဇုန်များကို အခြေ

ခံပြီး တရုတ်–အာဆီယံစက်မှုပူးပေါင်းဆောင်ရွက်မှုဇုန်ကို ပေါင်းစပ်တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

အရှေ့တောင်အာရှမှ ကုန်ကြမ်းများကို အသုံးပြု၍ ပြုပြင်ထုတ်လုပ်သည့်စက်မှုဥယျာဉ်ကို ချုံကျိုအုပ်ချုပ်မှုအောက်ရှိ နယ်စပ်မြို့ဖြစ်သည့် ဖိန်းရှန်တွင် ဆောက်လုပ်လျက်ရှိကြောင်း သိရှိရပါသည်။ အဆိုပါစက်မှုဥယျာဉ်၌ ရင်းနှီးမြှုပ်နှံထားသည့် Guangxi Zhongguo Industrial Co., Ltd. ၏ ဥက္ကဋ္ဌ Wang Shujuan ၏ အဆိုအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ်သန်း (၁၅၀)ခန့်ရှိပြီး စီမံကိန်း၏ ပထမအဆင့်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့ကြောင်း၊ သံပုရာယိုကို အဓိကထား၍ ထုတ်လုပ်လျက်ရှိကြောင်း၊ စီမံကိန်းကို အပြည့်အဝလည်ပတ်ပြီးသည်နှင့် နှစ်စဉ်ထုတ်လုပ်မှု တန်ဖိုးသည် ယွမ်သန်း (၃၀၀)ကျော်သွားဖွယ်ရှိကြောင်း သိရှိရပါသည်။

တရုတ်နှင့်အာဆီယံနိုင်ငံများ၏ စက်မှုလုပ်ငန်းကွင်းဆက်များသည် အပြန်အလှန်ဖြည့်ဆည်းမှုများ တိုးတက်လာသည်နှင့်အမျှ ကွမ်ရှီးဒေသရှိ လုပ်ငန်းများသည် ကြီးမားသောဈေးကွက်အခွင့်အလမ်းများကို ဖော်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။ မကြာသေးမီနှစ်များအတွင်း Guangxi Mesda Group Co., Ltd. မှ ထုတ်လုပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ယန္တရားများသည် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် အခြားအာဆီယံနိုင်ငံများ၏ ဈေးကွက်သို့ ဝင်ရောက်လာခဲ့ပြီး အဆိုပါနိုင်ငံများမှ ဖောက်သည်များက ကောင်းမွန်စွာ လက်ခံသုံးစွဲခဲ့ကြောင်း သိရှိရပါသည်။

အာဆီယံနိုင်ငံတော်တော်များများသည် အရှိန်အဟုန်ဖြင့် စက်မှုထွန်းကားလာနေပြီး တရုတ်နိုင်ငံ၏ ခေတ်မီနည်းပညာ၊ ကုန်ထုတ်လုပ်မှုနှင့် အရင်းအနှီးကို လိုအပ်လျက်ရှိကြောင်း၊ တရုတ်–အာဆီယံ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု တိုးတက်လာသည်နှင့်အမျှ တရုတ်စီးပွားရေးလုပ်ငန်းများသည် အာဆီယံဈေးကွက်တွင် ခြေကုပ်ယူနိုင်မည်ဟု ယုံကြည်ကြောင်း Kanghua ကုမ္ပဏီ ဥက္ကဋ္ဌ၊ Huang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(Belt and Road Initiative)၏ တိုးတက်မှုနှင့် RCEP ကို အကောင်အထည်ဖော်ခြင်းဖြင့် တရုတ်နှင့် အာဆီယံအကြား စက်မှုလုပ်ငန်းကွင်းဆက်များ ပိုမိုပေါင်းစည်းသွားမည်ဖြစ်ပြီး ဒေသနှစ်ခုအကြား အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ရှေ့သို့ခြေလှမ်းသစ်တစ်ရပ် တိုးလာမည်ဖြစ်ကြောင်း School of International Studies, Peking University မှ ပါမောက္ခ Zhai Kun က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20240109/f7b283f4d05f4fc09c63d3394bf442bc/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

……………………………………………………………………………………………………